

# အိန်ဂယ်၏ ပေးစာများ

# အိန်ဂယ်၏ ပေးစာများ

ပထမအကြိမ် ၁၉၉၁ စက်တင်ဘာ
ဒုတိယအကြိမ် ၂၀၀၇ အောက်တိုဘာ ၁၅
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်၊

## အိန်ဂယ်လ်၏ ပေးစာများ
## (အိန်ဂယ်လ်မှ ကောနရက်စမစ်[၁]ထံပေးစာ)
## လန်ဒန်၊ အောက်တိုဘာ ၂၇၊ ၁၈၉၀

ချစ်လှစွာသော စမစ်

ကျွန်တော့်အနေနဲ့ အချိန်အားရတာနဲ့ ချက်ချင်းပဲ ခင်ဗျားဆီကို စာပြန်လိုက်ပါတယ်။ ဇူးရစ်မြို့က အလုပ်[၂]ကို လက်ခံလိုက်ရင် ကောင်းမယ် ထင်ပါတယ်။ အဲဒီမှာ ခင်ဗျားအနေနဲ့ ဘောဂဗေဒအကြောင်း အများကြီးလေ့လာရရှိနိုင်ပါတယ်။ အထူးသဖြင့် ဇူးရစ်ဟာ တကယ်ကျတော့ အသပြာ ဈေးကွက်နဲ့ ငွေကစားမှုလောကမှာ တတိယတန်းစားဈေးကွက်လောက်သာ ဖြစ်တယ်။ ဒါကြောင့်မိုလည်း အဲဒီမှာ သိမြင်ရတာတွေဟာ နှစ်ဆင့်သုံးဆင့် ရောင်ပြန်ဟပ်ရတာမို့ အားနည်းတယ်။ ဒါမှမဟုတ် တမင်တကာ ပုံဖျက်ခံထားရတယ် ဆိုတာကို မှတ်ထားရင်ပေါ့လေ။ ဒါပေမဲ့ ဒီယန္တရားရဲ့ လက်တွေ့အသိကိုတော့ ခင်ဗျားရပါလိမ့်မယ်။ နောက်ပြီး လန်ဒန်၊ နယူးယောက်၊ ပဲရစ်၊ ဘာလင်နဲ့ ဗီယင်နာတို့က စတော့ဈေးကွက်တွေရဲ့ တိုက်ရိုက်သတင်းများကို မျက်ခြည်မပြတ်လိုက်နေရမှာဖြစ်ပြီး ဒီလိုနဲ့ ငွေဈေးကွက်နဲ့ စတော့ဈေးကွက်တို့က ထင်ဟပ်တဲ့အတိုင်း (ကမ္ဘာ့ဈေးကွက်ကို လည်း) ကြည့်မြင်ခွင့် ရမှာပါ။ စီးပွားရေး၊ နိုင်ငံရေးနဲ့ တခြား ရောင်ပြန်ဟပ်မှုတွေဟာ လူ့ မျက်လုံးထဲမှာ ထင်ဟပ်သလိုပါပဲ။ မှန်ဘီလူးခုံးထဲကို ဖြတ်သန်းပြီး ဇောက်ထိုးအရိပ်ထင်တာပါ။ ခေါင်းပေါ်မှာ ရပ်နေတဲ့ပုံပါ။ ဒါပေမဲ့ အဲဒါတွေကို အတည့်အတိုင်း ပြန်ထောင်ပေးမယ့် အာရုံကြောကိရိယာကျတော့ မရှိဘူးဖြစ်နေတယ်။ အသပြာဈေးကွက်ကလူဟာ စက်မှုလုပ်ငန်းနဲ့ ကမ္ဘာ့ဈေးကွက်တို့ကို အသပြာဈေးကွက်နဲ့ စတော့ဈေးကွက်မှာ ထင်ဟပ်တဲ့အတိုင်း ပြောင်းပြန်ပဲတွေ့တယ်။ ဒါကြောင့်မို့ သူတို့အဖို့ အကျိုးဆက်ဟာ အကြောင်းရင်း ဖြစ်နေတယ်။ ဒီကိစ္စကို ၁၈၄၀ ခုနှစ်များ ကတည်းက မန်ချက်စတာ[၃] မှာ ကျွန်တော်သတိပြုမိခဲ့ပါတယ်။ လန်ဒန်စတော့ဈေးကွက်ဟာ စက်မှုလုပ်ငန်းရဲ့လမ်းကြောင်း နဲ့ ယင်းရဲ့ကာလအလိုက် အမြင့်ဆုံး အနိမ့်ဆုံး အခြေအနေတို့အတွက်ဆိုရင် လုံးလုံးကို အသုံးမဝင်ဘူး။ အကြောင်းကတော့ ဒီလူကြီးမင်းတွေဟာ အရာကိစ္စ မှန်သမျှကို အသ ပြာဈေးကွက်က ဘေးဒုက္ခတွေနဲ့ ရှင်းပြဖို့ ကြိုးစားကြလို့ပါပဲ။ အမှန်မှာ ဒါတွေဟာ ရော ဂါရဲ့လက္ခဏာများသာ ဖြစ်တယ်။ အဲဒီအခါတုန်းက သူတို့က

စက်မှုလုပ်ငန်းကပ်ရဲ့ အကြောင်းရင်းဟာ ယာယီထုတ်လုပ်မှု ပိုလျှံမှုကြောင့် မဟုတ်ဘူးလို့ ရှင်းပြဖို့ ကြိုးစားနေကြတယ်။ ဒါကြောင့်မို့ ဒီကိစ္စမှာ ပုံပျက်ပန်းပျက် ဖြစ်စေနိုင်တဲ့ တဖက်သက် ကျမှုတွေလည်း ပါနေတယ်။ အခုတော့ ဒီပြဿနာမရှိတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ အတွက်တော့ ဒီပြဿနာ အပြီးအပိုင်မရှိတော့ဘူး။ အသပြာဈေးကွက်မှာ စက်မှုလုပ်ငန်းရဲ့ တိုက်ခိုက် နှောင့်ယှက်မှုဟာ လက်အောက်ခံ အခန်းလောက်ကသာ ပါတယ်။ ဒါမှမဟုတ် သူ့အခန်း လုံးဝမပါဘူးဆိုတာ တကယ့်ဖြစ်ရပ် တခုလို ဖြစ်နေပြီ။ နောက်ပြီး ဒါနဲ့ ပတ်သက်လို့ အထူးသဖြင့် ပြီးခဲ့တဲ့ အနှစ် ၂၀ ကာလရဲ့သမိုင်းနဲ့ ပတ်သက်လို့ သေချာအောင် လုပ်ရတာ စူးစမ်းလေ့လာရတာတွေ အများကြီး လုပ်ရပါလိမ့်ဦးမယ်။

လူ့အဖွဲ့အစည်း အတိုင်းအတာနဲ့ချီပြီး လုပ်အားခွဲဝေမှုရှိတဲ့ နေရာတွေမှာ မတူခြားနားတဲ့ လုပ်အားစိုက်ထုတ်မှု ဖြစ်စဉ်တွေဟာ တခုနဲ့တခု သီးခြားကင်းလွတ်လာကြတယ်။ နောက်ဆုံးတော့ ထုတ်လုပ်ရေးဟာ အဆုံးအဖြတ်ပေးတဲ့ အရာဖြစ်တယ်။ ဒါပေမဲ့ ထွက်ကုန်, ကုန်သွယ်မှုဟာ ထုတ်လုပ်မှု ကိုယ်တိုင်နဲ့ ကင်းလွတ်လာတဲ့အခါမှာ သူဟာ ကိုယ့်လှုပ်ရှားမှုနဲ့ ကိုယ်ဖြစ်လာတယ်။ ဒီကုန်သွယ်မှုကို အနည်းနှင့်အများဆိုသလို ထုတ်လုပ်မှုက စိုးမိုးထားတာ ဖြစ်ပေမယ့် အသေးစိတ်ကလေးတွေနဲ့ ယေဘုယျမှီခိုရမှု အတွင်းမှာပဲ ဒီအသစ်ဖြစ်ပေါ်မှုရဲ့ လက္ခဏာထဲမှာပါရှိတဲ့ ဥပဒေသတွေ ရှိနေပြန်တယ်။ ဒီလှုပ်ရှားမှုမှာ သူ့ဟာနဲ့သူ အဆင့်တွေ ရှိပြီး ဒါတွေက ထုတ်လုပ်ရေး လှုပ်ရှားမှုကို ပြန်ပြီး ဂယက်ရိုက်ပြန်တယ်။ အမေရိကတိုက်ကို တွေ့ရှိတာဟာ ဒီအရင်တုန်းက ပေါ်တူဂီတွေကို အာဖရိကတိုက်ဆီ သွားရောက်စေခဲ့တဲ့ ရွှေကို တပ်မက်မှုကြောင့်ပဲ။ [စိုအက်ဘီယာ (Soet beer) ရေး အဖိုးတန်သတ္တုများ ထုတ်လုပ်မှုကိုကြည့်] အကြောင်းကတော့ ၁၄ ရာစုနဲ့ ၁၅ ရာစုနှစ်များအတွင်းက ဥရောပတိုက်ရဲ့ စက်မှုလုပ်ငန်း နောက်ပြီး ဒါနဲ့အတူ တပြေးညီ အလွန်အလျင်အမြန် ကြီးထွားလာတဲ့ ကုန်သွယ် ရေးတို့ဟာ ၁၄၅၀ ခုနှစ်နဲ့ ၁၅၅၀ ခုနှစ် အကြားမှာ ငွေသတ္တုနိုင်ငံကြီးဖြစ်တဲ့ ဂျာမဏီနိုင်ငံက ထုတ်ပေးနိုင်တာထက် ပိုပြီး ဖလှယ်မှုပစ္စည်းတွေကို လိုနေလို့ဖြစ်တယ်။ သက္ကရာဇ် ၁၅၀၀ နဲ့ ၁၈၀၀ တို့အကြား အိန္ဒိယနိုင်ငံကို ပေါ်တူဂီ၊ ဒတ်ချ်နဲ့ အင်္ဂလိပ်တို့က သိမ်းပိုက်တာဟာ အဲဒီကနေ တင်သွင်းယူဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်တယ်။ အဲဒီကို တင်ပို့ဖို့ ဘယ်သူမှ အိပ်မက် မမက်ကြခဲ့ဘူး။ ဒါနဲ့ တောင်မှ ကုန်သွယ်ရေး အကျိုးစီးပွားသက်သက်ရဲ့ တောင်းဆိုမှုကြောင့် ပေါ်ပေါက်လာတဲ့ အဲဒီတွေ့ရှိမှုနဲ့ သိမ်းပိုက်မှုတွေက စက်မှုလုပ်ငန်းအပေါ် သက်ရောက်ခဲ့တဲ့ ဂယက်ဟာ ဘယ်လောက်တောင် ကြီးမားလိုက်သလဲ။ ဒီနိုင်ငံတွေကို တင်ပို့ဖို့လိုအပ်ချက်ဟာ ခေတ်သစ်အကြီးစား စက်မှုလုပ်ငန်းကို ဖန်တီးခဲ့၊ ဖြစ်ပေါ်တိုး

ပွားစေခဲ့တယ်။

အသပြာဈေးကွက်နဲ့ ပတ်သက်လို့လည်း အလားတူပါပဲ။ အသပြာကူးသန်း ရောင်းဝယ်မှုဟာ ကုန်စည်ကူးသန်းရောင်းဝယ်မှုကနေ သီးခြား ဖြစ်လာတယ်ဆိုတာနဲ့ တပြိုင်နက်တည်းမှာ သူ့ရဲ့ကိုယ်ပိုင် ဖြစ်ပေါ်တိုးပွားမှု၊ သူ့ရဲ့ကိုယ်ပိုင် လက္ခဏာနဲ့ သိသာထင်ရှားတဲ့ အဆင့်များက ပြဋ္ဌာန်းတဲ့ တိကျတဲ့ဥပဒေသတွေ ရှိလာတယ်။ ဒီ အသပြာဈေးကွက်ကို ထုတ်လုပ်မှုနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့က အဲဒီ အကန့်အသတ်ဘောင်များ အတွင်းမှာ တိကျတဲ့အခြေအနေ အချက်အလက်အရ ပြဋ္ဌာန်းတာဖြစ်တယ်။ ဒီအချက်အပြင် အသပြာကုန်သွယ်မှု ဖြစ်ပေါ်တိုးပွားလာတာ၊ အာမခံစာချုပ်တွေကို ကုန်သွယ်ခြင်းပါ ထည့်သွင်းလာတာ၊ နောက်ပြီး ဒီအာမခံ စာချုပ်တွေဟာလည်း သာမန်အစိုးရရဲ့ စက္ကူတွေသာ မဟုတ် တော့ဘဲ စက်မှုလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတို့က စတော့လက်မှတ်တွေပါ ဖြစ်နေတာ၊ အကျိုးဆက် အနေနဲ့ ထုတ်လုပ်မှုရဲ့ အစိတ်အပိုင်းကိုထိန်းချုပ် ဒီလိုနဲ့ တခုလုံးကို ထိန်းချုပ်ပြီး ဖြစ်နေတာဆိုတဲ့ အချက်တွေကို ပေါင်းထည့် လိုက်တော့ ထုတ်လုပ်မှုအပေါ်မှာရှိတဲ့ အသပြာရဲ့ ဩဇာဂယက်ဟာ ပိုမိုကြီးမား၊ ပိုမို ရှုပ်ထွေးလာခဲ့တယ်။ အသပြာရောင်း ဝယ်သူတွေဟာ မီးရထားလုပ်ငန်း၊ သတ္တုတွင်း၊ သံလုပ်ငန်း စတာတွေရဲ့ ပိုင်ရှင်တွေ ဖြစ်လာတယ်။ ဒီထုတ်လုပ်မှု ပစ္စည်းတွေမှာ ဘက်နှစ်ဘက်ရှိတယ်။ တခါတလေမှာ သူတို့ရဲ့ လည်ပတ်မှုကို တိုက်ရိုက်ထုတ်လုပ်မှုရဲ့ အကျိုး စီးပွားများက စိုးမိုးတယ်။ ဒါပေမဲ့ တခါတလေမှာတော့ ရှယ်ယာပိုင်ရှင်တွေရဲ့ လိုအပ်ချက်ကလည်း စိုးမိုးတယ်။ ဒီလူတွေ ဟာ အသပြာရောင်း ဝယ်သူတွေ ဖြစ်နေသမျှ ကာလပတ်လုံးပေါ့။ ဒီအတွက် အထင်ရှား ဆုံး ဥပမာကိုတော့ မြောက်အမေရိက မီးရထားလုပ်ငန်းမှာ တွေ့နိုင်ပါတယ်။ ဒီလုပ်ငန်းရဲ့ လည်ပတ်မှုဟာ "ဂျေးဂိုးလ်" (Jay Gould) လိုလူ ဒါမှမဟုတ် ဗင်ဒါဘီးလ် (Vanderbilt) လို လူတယောက်ရဲ့ နေ့စဉ် စတော့ရောင်းဝယ်မှုတွေ အ ပေါ်မှာ လုံးဝမှီတည်နေတယ်။ ဒီရောင်းဝယ်မှုဟာ ဘယ်မီးရထား လုပ်ငန်းတခုခု နောက်ပြီး အဲဒါရဲ့ သယ်ယူပို့ဆောင်ရေး ပစ္စည်းအဖြစ် အရေးပါမှုဆိုတာတို့နဲ့ ဘာမှမပတ်သက်ဘူး။ ဟောဒီ အင်္ဂလန်နိုင်ငံမှာ တောင်မှပဲ မီးရထားလုပ်ငန်း အသီးသီးရဲ့ အကြားမှာ သက်ဆိုင်ရာ လုပ်ငန်းရဲ့ အတိုင်း အတာ အဝန်းအဝိုင်းနဲ့ပတ်သက်ပြီး အားပြိုင်နေကြတာ ဆယ်စုနှစ်နဲ့ ချီခဲ့ပါပြီ။ ဒီအားပြိုင် မှုမှာ ငွေတွေအမြောက်အမြား သုံးဖြုန်းခဲ့တယ်။ ဒါပေမဲ့ ဒါဟာ ထုတ်လုပ်မှုနဲ့ သယ်ယူ ပို့ဆောင်မှုတို့ရဲ့ အကျိုးစီးပွားအတွက် မဟုတ်ဘဲ ရှယ်ယာပိုင်ဆိုင်ကြတဲ့ အသပြာ ရောင်း ဝယ်သူများရဲ့ စတော့ဈေးကွက် အရောင်းအဝယ်များ လည်ပတ်စေရေးသက်သက် အတွက် အားပြိုင်ဖို့သာ ဖြစ်ပါတယ်။

စီးပွားရေးနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်မှုရဲ့ ဆက်သွယ်ပုံ ဒီနှစ်ခုလုံးနဲ့ အသပြာကုန်သွယ်မှုနဲ့ ဆက်သွယ်ပုံတို့နဲ့ ပတ်သက်တဲ့ ကျွန်တော်ရဲ့ ခံယူချက်အကြောင်း အနည်း ငယ်ဖော်ပြရင်းနဲ့အတူ လက်တွေ့မှာ ကျွန်တော်အနေနဲ့ ခင်ဗျားရဲ့ "သမိုင်းရုပ်ဝါဒ" ဆိုင်ရာ မေးခွန်းများကို ယေဘုယျအားဖြင့် အဖြေပေးပြီးသွားပါပြီ။ ဒီပြဿနာကို လုပ်အားခွဲဝေမှုအမြင် ဘက်ကကြည့်ရင် ဆုပ်ကိုင်ရအလွယ်ဆုံးပါပဲ။ လူ့အဖွဲ့အစည်းဟာ သူ့အတွက် ဘယ်လိုမှ မရှိမဖြစ်တဲ့ အကျိုးတူလုပ်ငန်းအချို့ကို ဖြစ်ပေါ်စေတယ်။ ဒီအတွက် တာဝန်ပေးခံရတဲ့ လူတွေဟာ **လူ့အဖွဲ့အစည်းအတွင်းရှိ** လုပ်အားခွဲဝေမှုထဲက အကိုင်းအခက်တခု ဖြစ်လာခဲ့ တယ်။ ဒါဟာ သူတို့ကို သီးသန့် အကျိုးစီးပွားတွေ ရှိစေခဲ့တယ်။ ဒီ အကျိုးစီးပွားတွေဟာ သူတို့ကို သတ်မှတ်ပေးသူတွေရဲ့ အကျိုးစီးပွားများနဲ့လည်း တခြားစီဖြစ်တယ်။ သူတို့ဟာ အဲဒီ လူတွေဆီကနေ သီးခြား လွတ်လပ်အောင် ကြိုးစားကြတယ်။ နောက်ပြီး နိုင်ငံတော်ဟာ ပေါ်ပေါက်လာတယ်။ အခုလည်း ကိစ္စတွေဟာ အဲဒီအတိုင်းပဲ ကုန်စည်ကူးသန်းရောင်းဝယ်မှုနဲ့ နောက်ပိုင်း အသပြာကုန်သွယ်မှုတို့မှာ ဖြစ်ပေါ်နေတယ်။ ဒီလွတ်လပ်တဲ့ အင်အားသစ်ဟာ အများ အားဖြင့် ထုတ်လုပ်ရေးရဲ့ လှုပ်ရှားမှုအတိုင်း လိုက်ပါရတာဖြစ်ပေမယ့် သူ့ဗီဇအရ နှိုင်းယှဉ် ချက်အားဖြင့် လွတ်လပ်မှုကြောင့် ထုတ်လုပ်ရေးဖြစ်စဉ်ရဲ့ အခြေအနေ အချက်အလက် များအပေါ် ပြန်ပြီးဩဇာသက်ရောက်ပါတယ်။ ဒီနှိုင်းယှဉ်ချက်အားဖြင့် လွတ်လပ်မှုဆိုတာ သူ့ကိုလွှဲပေးပြီးနောက် တဖြည်းဖြည်း ဖြစ်ပေါ်တိုးပွားလာခဲ့ပါတယ်။ ဒါဟာ အားချင်း မမျှတဲ့ အင်အားနှစ်ရပ်တို့ အပြန်အလှန် တုံ့ပြန်ကြခြင်းပါပဲ။ တဖက်မှာက စီးပွားရေး လှုပ်ရှားမှုဖြစ်ပြီး တခြားတဖက်မှာတော့ နိုင်ငံရေးအင်အားသစ် ဖြစ်ပါတယ်။ ဒီအင်အား သစ်ဟာ လွတ်လပ်နိုင်သမျှ လွတ်လပ်အောင် ကြိုးစားပြီး သူ့ကိုထူထောင်ပေးလိုက်ပြီ ဆိုတာနဲ့တခါတည်း ကိုယ့်လှုပ်ရှားမှုနဲ့ ကိုယ်လည်းဖြစ်လာတယ်။ တခုလုံး ခြုံလိုက် လျှင် စီးပွားရေး လှုပ်ရှားမှုက လွှမ်းမိုးတယ်။ ဒါပေမဲ့ ဒီလှုပ်ရှားမှုကိုယ်တိုင်ကပဲ တည်ထောင် ပေးပြီး နှိုင်းယှဉ်ချက်အရ လွတ်လပ်စေခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုရဲ့ တုံ့ပြန် မှုများကိုလည်း ခံရပါတယ်။ တဖက်မှာ နိုင်ငံတော် အာဏာနဲ့ အခြားတဖက်မှာ ဒါနဲ့ တပြိုင်နက်တည်း မွေးထုတ်ပေးခဲ့တဲ့ အတိုက်အခံအင်အား ... ဒါတွေရဲ့ တုံ့ပြန်မှုကိုခံရတယ်။ စက်မှုလုပ်ငန်း ဈေးကွက်ရဲ့ လှုပ်ရှားမှုဟာ ဆိုခဲ့ပြီးဖြစ်တဲ့ ခြွင်းချက်များနဲ့အတူ အများအားဖြင့် အသပြာ ဈေးကွက်မှာ ရောင်ပြန်ဟပ်သလိုပဲ **<u>ဖောက်ထိုး ပြောင်း ပြန်ဟပ်</u>** တာပေါ့လေ။ တည်ရှိနေတဲ့ လူတန်းစားများအကြားရှိ တိုက်ပွဲနဲ့ တိုက်ခိုက်မှုတွေဟာလည်း အစိုးရနဲ့ အတိုက်အခံ များအကြားက တိုက်ပွဲမှာ ရောင်ပြန်ဟပ်ပါတယ်။ ဒါလည်းအလားတူ ဖောက်ထိုးပြောင်းပြန် ပါပဲ။ တိုက်ရိုက်တော့ မဟုတ်တော့ဘူး။ သွယ်ဝိုက်လို့ပေါ့။ လူတန်းစားတိုက်ပွဲအနေနဲ့

မဟုတ်ဘဲ နိုင်ငံရေးမှုများအတွက် တိုက်ခိုက်ခြင်းဆိုတဲ့ သဏ္ဍာန်နဲ့ပဲ၊ နောက်ပြီး ဒီသဏ္ဍာန်ဟာ ပုံပြောင်းနေလိုက်တာမှ ကျွန်တော်တို့အဖို့ သူ့ကို တကယ်နားလည်ဖို့ နှစ်ပေါင်းထောင်နဲ့ချီပြီး အချိန်ယူခဲ့ရပါတယ်။

စီးပွားရေး ဖြစ်ပေါ်တိုးပွားမှုအပေါ် နိုင်ငံတော်အာဏာရဲ့ ဘက်ပြန် အကျိုးသက်ရောက်မှုဟာ ၃ မျိုး ဖြစ်နိုင်ပါတယ်။ တူညီတဲ့ ဦးတည်ချက်ဆီ သွားနိုင်ပြီး အရာကိစ္စတွေဟာ ပိုမိုလျှင်မြန်စွာ ရွေ့လျားတယ်။ ဆန့်ကျင်ဘက်ကိုလည်း သွားနိုင်တယ်။ ဒါဆိုရင် ဒီကနေ့ နိုင်ငံကြီးတွေမှာ ရေရှည်ဆိုရင် နိုင်ငံတော်အာဏာဟာ အစိတ်စိတ်အမွှာမွှာ ကွဲသွားမှာပဲ။ ဒါမှမဟုတ်ရင်လည်း နိုင်ငံတော်အာဏာဟာ စီးပွားရေးဖြစ်ပေါ်တိုးပွားမှုကို ဘယ်လမ်းတွေတော့ မလိုက်နဲ့၊ ဘယ်လမ်းတွေတော့ လိုက်ရယ်လို့ လမ်းညွှန်မှာပဲ။ ဒီ တတိယ ဖြစ်စဉ်ဟာလည်း နောက်ဆုံးမှာ ပထမဖြစ်စဉ် ဒါမှမဟုတ် ဒုတိယဖြစ်စဉ်အတိုင်း ဖြစ်သွား စေမှာပဲ။ ဒါပေမဲ့ ဒုတိယနဲ့ တတိယဖြစ်စဉ်များမှာ နိုင်ငံတော်အာဏာဟာ စီးပွားရေးဖြစ် ပေါ်တိုးပွားမှုကို အများ ကြီးထိခိုက်စေနိုင်ပြီး စွမ်းအင်နဲ့ ရုပ်ဝတ္ထု ဖြုန်းတီးမှုတွေ အများကြီး ဖြစ်စေမယ်ဆိုတာ မြင်သာလှပါတယ်။ နောက်ပြီး စီးပွားရေး အရင်းအမြစ်တွေကို သိမ်းပိုက်တာနဲ့ ရက်ရက်စက်စက် ဖျက်ဆီးပစ်တယ် ဆိုတာလည်း ရှိသေးတယ်။ အရင်ခေတ်တွေကဆိုရင် ဒီလိုလုပ်တာရဲ့ ရလဒ်အဖြစ် တချို့အဖြစ်အပျက်တွေမှာ ဒေသတခုခု သို့မဟုတ် နိုင်ငံတခုခုရဲ့ စီးပွားရေး ဖြစ်ပေါ်တိုးပွားမှုကို ပျက်စီးသွားစေနိုင်တယ်။ ဒီခေတ် မှာတော့ ဒီလို ကိစ္စမျိုးဟာ များသော အားဖြင့် ပြောင်းပြန် အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ အနည်းဆုံး နိုင်ငံကြီးတွေအတွက်ပေါ့။ ရေရှည်မှာ ရှုံးနိမ့်သူဟာ စီးပွားရေး၊ နိုင်ငံရေးနဲ့ စိတ်ဓာတ်ရေးအရ အောင် နိုင်သူထက် ပိုပြီး အမြတ်ရလိုက်ပါတယ်။

တရားဥပဒေမှာလည်း အလားတူပါပဲ။ လုပ်အားခွဲဝေမှုသစ်ဟာ အခကြေးငွေယူတဲ့ ရှေ့နေရှေ့ရပ်တွေ လိုအပ်တဲ့အထိ ဖြစ်လာပြီဆိုရင် လွတ်လပ်တဲ့ နယ်ပယ်သစ်တရပ်ကို ဖွင့်လှစ်လိုက်တော့တာပဲ။ ဒီနယ်ပယ်သစ်ဟာ ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုအပေါ် ယေဘုယျ အမှီ ပြုရတဲ့အထဲက အဲဒီနယ်ပယ်တွေကို ဂယက်ရိုက်နိုင်တဲ့ သီးသန့်အစွမ်းလည်း ရှိပါတယ်။ ခေတ်မီနိုင်ငံတော်တရပ်မှာ တရားဥပဒေဟာ အထွေထွေစီးပွားရေး အခြေအနေနဲ့ လိုက်လျော ညီထွေဖြစ်ပြီး အဲဒါရဲ့ ဖော်ပြချက်ဖြစ်ရုံမက **အတွင်းပိုင်းမှာ ကျစ်လစ်သိပ်သည်း**တဲ့ ဖော်ပြချက်လည်း ဖြစ်ရမယ်။ ဒါဟာ သူ့ရဲ့အတွင်းပိုင်း ကွဲလွဲမှုများကြောင့် ကိုယ့်ဟာနဲ့ကိုယ် ပဋိပက္ခမဖြစ်နေစေရဘူး။ ဒီလိုဖြစ်ဖို့အတွက် စီးပွားရေး အခြေအနေအချက်များကို သစ္စာရှိရှိ ရောင်ပြန်ဟပ်မှုဟာ ပိုပြီးပိုပြီး ချွတ်ယွင်း လာ ခဲ့တယ်။ ဒါတွေအပြင် ကိုခဥပဒေတခုဟာ လူတန်းစားတရပ်ရဲ့ စိုးမိုးမှုကို ပြောင်မလျှော့တမ်း

မကွယ်မဝှက် ဖော်ပြတယ်ဆိုတာမျိုးလည်း ရှိခဲ့လှပါတယ်။ နို့မဟုတ်ရင် “မှန်ကန်မှုနဲ့ ပတ်သက်တဲ့ခံယူချက်” နဲ့ ဆန့်ကျင်နေမှာပေါ့။ **<u>နပိုလီယံ</u>** **<u>ကိုဒုဥပဒေ</u>**[၆] (Code Napoleon) မှာကိုပဲ ၁၇၉၂–၉၆ ခုနှစ် ဆီတုန်းက တော်လှန်တဲ့ ခေါင်းဆောင်တွေ ကိုင်စွဲခဲ့တဲ့ သန့်စင်ပြီး ရှေ့နောက်ညီတဲ့ မှန်ကန်မှုဆိုင်ရာ ခံယူချက်ဟာ ညစ်ထေးအောင် နည်းမျိုးစုံ အလုပ်ခံခဲ့ရပါပြီ။ ဒီ ကိုဒုဥပဒေထဲမှာ ပါဝင်နေတာနဲ့အမျှ ဒီခံယူချက်ဟာ ပစ္စည်းမဲ့လူတန်းစားရဲ့ အင်အားကြီးထွားလာမှုကြောင့် နေ့စဉ်နှင့်အမျှ အမျိုးမျိုးရေရောခဲ့ရပါပြီ။ ဒါဟာ နပိုလီယံ **<u>ကိုဒုဥပဒေ</u>**ကို ကမ္ဘာ့နေရာတကာရှိ ကိုဒုဥပဒေတိုင်းရဲ့ အခြေခံ ပြဋ္ဌာန်းဥပဒေတွေ ဖြစ်လာစေခြင်းက မတားဆီးခဲ့ဘူး။ ဒါကြောင့် “ဥပဒေရဲ့ ဖြစ်ပေါ် တိုးပွားမှု” လမ်းကြောင်းဟာ အတိုင်းအတာတခုအထိ အောက်ပါအတိုင်းသာပဲ ဖြစ်ခဲ့တယ်။ ပထမ အနေနဲ့ စီးပွားရေး ဆက်ဆံမှုတွေကို တရားဥပဒေမူတွေအဖြစ် တိုက်ရိုက်ပုံသွင်းယူမှု ကနေပြီး ပေါ်ပေါက်လာတဲ့ ပဋိပက္ခများကို ဖျောက်ဖျက်ဖို့ ကြိုးစားခြင်း၊ ပြေပြစ်ညီညွတ်တဲ့ တရားဥပဒေသစ်တရပ် ထူထောင်ခြင်း၊ နောက်ပြီး နောက်ထပ်စီးပွားရေး ဖြစ်ပေါ် တိုးပွားမှုများရဲ့ ဂယက်နဲ့ တွန်းအားကြောင့် ဒီစနစ်အဖို့ ခဏခဏ ကျိုးပေါက်ရပြီး နောက်ထပ် ပဋိပက္ခတွေနဲ့ ရစ်ပတ် လာရခြင်း၊ (ဒီအခိုက်အတန့်မှာ ကျနော့်အနေနဲ့ တရားမဥပဒေအကြောင်းပဲ ပြောနေတာပါ။) စီးပွားရေးဆက်ဆံမှုတွေကို တရားဥပဒေမူတွေအဖြစ် ထင်ဟပ်ရာမှာ အလားတူပဲ ဇောက်ထိုးဖြစ်နေပါလိမ့်မယ်။ ဒါဟာ အကောင်အထည် ဖော်နေသူကိုယ်တိုင် မသိဘဲဖြစ်နေတာပါ။ ဂျူရီလူကြီးဟာ သူ့အနေနဲ့ သူ့ဦးနှောက်ထဲက ထွက်လာတဲ့ (2 priori) သုံးသပ်ချက်တွေနဲ့ လုပ်ကိုင်နေတယ်လို့ ယူဆတယ်။ ဒါပေမဲ့ တကယ်မှာ ဒါတွေဟာ စီးပွားရေး ရောင်ပြန်ဟပ်မှုတွေသာ ဖြစ်ပါတယ်။ ဒီတော့ အရာရာဟာ ဇောက်ထိုးမိုးမျှော် ဖြစ်နေတာပါပဲ။ နေက်ပြီး ကျွန်တော့်အမြင်မှာ ဒီဇောက် ထိုးဖြစ်မှုဟာ သူ့ကို မမြင်တွေ့ဘဲ ရှိနေသေးသရွေ့ ကျွန်တော်တို့ ပြောတဲ့ **<u>သဘောတရားရေးအမြင်</u>** ဖြစ်လာတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါဟာ စီးပွားရေးအခြေခံကို တဖန်ဂယက်ရိုက်ပြီး တခုသောအကန့်အသတ်အထိ ပြောင်းလဲစေတယ်။ အိမ်ထောင်စုရဲ့ ဖြစ်ပေါ်တိုးပွားမှုအဆင့်ဟာ အတူတူပဲဆိုရင် အမွေဆက်ခံခွင့်ရဲ့ အခြေခံဟာ စီးပွားရေးပါပဲ။ ဒါပေမဲ့ ဥပမာ အင်္ဂလန်နိုင်ငံမှာ သေတမ်းစာ ပြုလုပ်သူအတွက် အကြွင်းမဲ့ လွတ်လပ်မှုနဲ့ ပြင်သစ်မှာကျသူ့အတွက် ပြင်းထန်ပြီး အသေးစိတ်ကျတဲ့ သတ်မှတ်ချက်တွေ ရှိနေတာတို့ဟာ စီးပွားရေးအကြောင်းရင်း သက်သက်ကြောင့်လို့တော့ သက်သေပြရခက် ပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ကတော့ စီးပွားရေးနယ်ပယ်အပေါ် အတော်သိသာတဲ့ အကျိုးသက်ရောက်မှု ရှိပါတယ်။ အကြောင်းကတော့ သူတို့ဟာ ပိုင်ဆိုင်မှုပစ္စည်းခွဲဝေမှုကို ဂယက်ရိုက်တာကိုး။

ဘာသာရေး၊ အဘိဓမ္မာစတဲ့ ပိုလို့တောင် အထက်ကိုတက်တဲ့ တွေးခေါ်မှု နယ်ပယ်က ကဏ္ဍာတွေမှာ သမိုင်းမတင်မီကာလတုန်းက တွေ့ခဲ့၊ ရယူခဲ့တဲ့ နောက်ပြီး ဒီနေ့အခါမှာ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်တော်တို့တတွေ ပြောနေကြတဲ့အရာတွေ ပါဝင်နေတယ်။ သဘာဝလောက၊ လူ့ဘဝ၊ ဝိညာဉ်၊ ထူးဆန်းတဲ့ တန်ခိုးစတာတွေနဲ့ ပတ်သက်ပြီး မှားယွင်းတဲ့ခံယူချက်တွေရဲ့ အခြေခံဟာ အနုတ်လက္ခဏာဆောင်တဲ့ စီးပွားရေးအကြောင်းအချက်တွေပါပဲ။ သမိုင်းမတင်မီကာလရဲ့ နိမ့်ကျတဲ့စီးပွားရေး ဖြစ်ပေါ် တိုးပွားမှုဟာ သဘာဝလောကကို မှားယွင်းစွာ နားလည်ချက်တွေနဲ့ ဖြည့်ဆည်းခံရ၊ တစိတ်တပိုင်းအားဖြင့် ဝန်းရံပေးတာခံရ နောက်ပြီး အဲဒီ နားလည်ချက်တွေကြောင့် ဖြစ်ရတာတွေတောင် ရှိခဲ့ပါတယ်။ သဘာဝလောကကို ပိုမို သိနားလည်မှုရဲ့ အဓိကတွန်းအားဟာ စီးပွားရေး အကြောင်းတရားရဲ့ ပြဋ္ဌာန်းချက် ဖြစ်ခဲ့တယ်။ ပိုပြီးဖြစ်လာနေတယ် ဆိုပေမယ့် ဒီ အဓိပ္ပာယ်မရှိတဲ့ ရှေးဦးအရာတွေ အားလုံးအတွက် စီးပွားရေးအကြောင်းရင်းတွေ ရှာဖို့ ကြိုးစားတယ်ဆိုရင်တော့ နုံလွန်းရာ ကျပါလိမ့်မယ်။ သိပ္ပံပညာရဲ့သမိုင်းဟာ ဒီအဓိပ္ပာယ် မရှိတာကို တစတစဖယ်ရှားပစ်တာ ဒါမှမဟုတ် အဲဒီလောက် အဓိပ္ပာယ်မမဲ့တာနဲ့ အစားထိုးတဲ့သမိုင်းပဲ ဖြစ်ပါတယ်။ ဒီလိုင်းကို လိုက်စားသူတွေဟာ လုပ်အားခွဲဝေမှုအတွင်း သီးသန့်နယ်ပယ်များ အတွင်းမှာ ပါဝင်ပြီး သူတို့ကိုယ်သူတို့လည်း လွတ်လပ်တဲ့ခွင်ထဲမှာ လုပ်ကိုင်နေတယ်လို့ ယူဆကြပါတယ်။ လူ့အဖွဲ့အစည်း လုပ်အားခွဲဝေမှုအတွင်း လွတ်လပ်တဲ့ အစုတစုဖြစ်တဲ့ အတိုင်းအတာနဲ့အညီပဲ အမှားတွေအပါအဝင် သူတို့ရဲ့ ထုတ်လုပ် ချက်တွေဟာ လူ့အဖွဲ့အစည်းတခုလုံးရဲ့ ဖြစ်ပေါ်တိုးပွားမှုတခုလုံး နောက်ပြီး သူရဲ့စီးပွားရေး ဖြစ်ပေါ်တိုးပွားမှု အပေါ်မှာတောင်မှ အကျိုးသက်ရောက်ပါတယ်။ ဒါပေမဲ့ ဘယ်လို ပဲဖြစ်ပစေ သူတို့ဟာ စီးပွားရေး ဖြစ်ပေါ်တိုးပွားမှုရဲ့ လွှမ်းမိုးမှုဂယက်ကို ခံရပြန်တယ်။ ဥပမာ အားဖြင့် အဘိဓမ္မာမှာဆိုရင် ဓနရှင်ခေတ်ကာလအတွက် အလွယ်ကူဆုံး ရှင်းပြနိုင်တယ်။ ဟော့ဘ်စ် (Hobbes) ဟာ ပထမဦးဆုံးသော ခေတ်သစ် ရုပ်ဝါဒသမား (၁၈ ရာစုနှစ် ခေတ်အနေနဲ့) ပဲ။ ဒါပေမဲ့ ဥရောပတခွင်မှာ သက်ဦးဆံပိုင်စနစ်ဟာ အထွတ်အထိပ် ရောက်နေပြီး အင်္ဂလန်နိုင်ငံမှာ သက်ဦးဆံပိုင်စနစ်နဲ့ ပြည်သူတွေရဲ့ တိုက်ပွဲစတင်ချိန်မှာ သူဟာ သက်ဦးဆံပိုင်စနစ်သမား (Absolutist) တယောက်ဖြစ်တယ်။ လော့ခ် (Locke) ဟာ ဘာသာရေးထဲရော နိုင်ငံရေးထဲမှာပါ ပါနေပြီး ၁၆၈၈ ခုနှစ် လူတန်းစားစေ့စပ်မှု[၅]ရဲ့ သားငယ် ဖြစ်နေတယ်။ အင်္ဂလန်က ဒေးအစ္စဝါဒီများ (Deists)[၆] နဲ့ သူတို့နောက်က ထက်ကြပ်လိုက်ကြတဲ့ ပြင်သစ်ရုပ်ဝါဒီတွေဟာ ဓနရှင်လူတန်းစားရဲ့ တကယ့်အဘိဓမ္မာဆရာတွေ ဖြစ်တယ်။ ပြင်သစ်ရုပ်ဝါဒီတွေဆိုရင် ဓနရှင်တော်လှန်ရေးရဲ့ အဘိဓမ္မာဆရာတွေလို့တောင် ဆိုနိုင်တယ်။ ဂျာမန် နလပိန်းတုံး

ဝါဒ (Philistinism) ကတော့ ဂျာမန်အဘိဓမ္မနယ်ပယ်အတွင်း ကန့် (Kant) ကနေ ဟီဂယ် (Hegel) အထိရှိနေပြီး တခါတရံမှာ အပြုသဘော၊ တခါတရံမှာ အဖျက်သဘော ဆောင်တယ်။ ဒါပေမဲ့ လုပ်အားခွဲဝေမှုမှာ သီးသန့်နယ်ပယ်တခုအဖြစ် သဘောထားနေတဲ့ ခေတ်တခေတ်စီရဲ့ အဘိဓမ္မာအတွက် ကြိုတင်သတ်မှတ် တောင်းဆိုထားတာကတော့ အဘိဓမ္မာဟာ အစဉ်အဆက် ဆက်ခံခဲ့တဲ့ နောက်ပြီး အစပြုရာလည်းဖြစ်တဲ့ စဉ်းစား တွေးခေါ်မှုဆိုင်ရာ တိကျတဲ့ အဖွဲ့အစည်းတခုဆိုတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ အဘိဓမ္မာ နယ်ပယ်မှာ စီးပွားရေးနောက်ကျတဲ့ နိုင်ငံတွေက ရှေ့ဆောင်အခန်းက ဆက်ကပြနေနိုင်တာပါပဲ။ ဥပမာအားဖြင့် ၁၈ ရာစုနှစ်ဆီက အင်္ဂလန်နိုင်ငံရဲ့ အဘိဓမ္မာအပေါ်မှာ အခြေပြုရတဲ့ ပြင်သစ်ရဲ့အဘိဓမ္မာနဲ့ ပြင်သစ်နဲ့ အင်္ဂလိပ်တို့ရဲ့ နှိုင်းယှဉ်ချက် နောက်ပြီး ဒီနောက်ပိုင်း ဂျာမန်အဘိဓမ္မာနဲ့ အဲဒီနှစ်နိုင်ငံလုံးက အဘိဓမ္မာ တွေရဲ့ နှိုင်းယှဉ်ချက် ဒါပေမဲ့ ပြင်သစ်နဲ့ ဂျာမန်တို့ရဲ့ အဘိဓမ္မာတွေရယ် အဲဒီအခါက အကျယ်အပြန့် ဖူးပွင့်လာကြတဲ့ စာပေအနုပညာရယ်တို့ဟာ စီးပွားရေး ပြန်လည် ခေါင်းထောင်လာမှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ ကျွန်တော့်အဖို့တော့ ဒီနယ် ပယ်တွေမှာလည်း စီးပွားရေးဖြစ်ပေါ်တိုးပွားမှုရဲ့ လုံးဝစိုးမိုးမှုဆိုတာ ထင်ရှားနေတဲ့ အချက် ပါပဲ။ ဒါပေမဲ့ ဒါဟာ သက်ဆိုင်ရာနယ်ပယ်အလိုက် ချမှတ်ထားတဲ့ သတ်မှတ်ချက်တွေအတိုင်း လုပ်ကိုင်တာဖြစ်တယ်။ ဥပမာအားဖြင့် အဘိဓမ္မာနယ်ပယ်မှာဆိုရင် ဒီအရင် အဆက် ဆက်က ဆက်ခံခဲ့တဲ့ တည်ရှိဆဲအဘိဓမ္မာဆိုင်ရာများအပေါ် စီးပွားရေးဆိုင်ရာ ဩဇာ ဂယက်များရဲ့ အကျိုးသက်ရောက်မှု (သူတို့ကလည်း ယေဘုယျအားဖြင့် သူတို့ရဲ့ နိုင်ငံရေး စတဲ့ အဆောက်အအုံတွေနဲ့ ရုပ်ဖျက်ပြီး အကျိုးသက် ရောက်စေတာဖြစ်တယ်။) ဒီနေရာမှာ စီးပွားရေးဟာ ဘာအသစ်အဆန်းမှ မဖန်တီးပါဘူး။ ဒါပေမဲ့ တည်ရှိနေတဲ့ စဉ်းစားတွေး ခေါ်မှုကို ဘယ်လိုပြောင်းလဲရမယ်။ ဘယ်လိုဖြစ်ပေါ် တိုးပွားရမယ်ဆိုတာကို ပြဋ္ဌာန်းတယ်။ နောက်ပြီး ဒါဟာလည်း အများအားဖြင့် သွယ်ဝိုက်ပြီးပြဋ္ဌာန်းတာပါ။ အကြောင်းကတော့ နိုင်ငံရေး၊ တရားဥပဒေရေးနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အာရုံတုံ့ပြန်မှုတွေကသာပဲ အဘိဓမ္မာအပေါ်မှာ တိုက်ရိုက်အကျဆုံး ဩဇာဂယက် သက်ရောက် လို့ဖြစ်တယ်။ ဘာသာရေးနဲ့ ပတ်သက် လို့တော့ ပြောသင့်တာမှန်သမျှကို ဖြူးဝါးဘတ် (အိန်ဂယ်လ်ရေး လုဒ်ဝစ်ဖြူးဝါးဘတ်နှင့် စံတော်ဝင် ဂျာမန်အဘိဓမ္မာ၏ အဆုံးသတ်ခန်း) အကြောင်း ရေးတဲ့ စာအုပ်နောက်ဆုံး အခန်းထဲမှာ ပါသွားပြီ။

ဒါကြောင့် တကယ်လို့များ ဘာ့သ် (Barth) က ကျွန်တော်တို့ကို စီးပွားရေး လှုပ်ရှားမှုရဲ့ ရောင်ပြန်ဟပ်ချက်တွေဖြစ်တဲ့ နိုင်ငံရေးစတာတွေဟာ အဲဒီ လှုပ်ရှားမှုအပေါ် တဖန်ပြန်ပြီး အကျိုးသက်ရောက်စေတယ် ဆိုတာကို လုံးလုံးငြင်းပယ်ကြောင်း စွပ်စွဲခဲ့ရင်

သူဟာ လေရဟတ်တွေကို ကိုင်နဲ့ (ဒွန်ကွိုဇုတ် ဝတ္ထုထဲမှာ ဒွန်ကွိုဇုတ်နဲ့ သူ့တပည့်က လေရဟတ်တွေကို ရန်သူအောက်မေ့ပြီး မိုက်မိုက်မဲမဲ သွားတိုက်တာကို ရည်ညွှန်းခြင်းဖြစ် – ဘာသာပြန်သူ) နေတာပဲ ဖြစ်ပါလိမ့်မယ်။ သူ့အနေနဲ့ မာ့က်စ်ရဲ့ **ဘရူမဲရ် (၁၈) ရက်**ကို ကြည့်လိုက်ရုံနဲ့ ရှင်းသွားမှာပါ။ နိုင်ငံရေးတိုက်ပွဲများနဲ့ အဖြစ်အပျက်များက စီးပွားရေး အကြောင်း အချက်များအပေါ် ဘယ်လိုအကျိုးသက်ရောက် စေတယ်ဆိုတာကို **အထူး ပြုပြီး** စာအုပ်တအုပ်လုံးလောက်နီးပါး ရှင်းပြထားတယ်။ စီးပွားရေး အကြောင်းအချက်များအပေါ် **ယေဘုယျ** မှီခိုရမှု အဝန်းအဝိုင်း အတွင်းကပေါ့လေ။ ဒါမှမဟုတ် **အရင်းကျမ်း** ထဲက အလုပ်ရက်နဲ့ပတ်သက်တဲ့ အခန်းထဲမှာ မုချပဲ နိုင်ငံရေးဆောင်ရွက်ချက်ဖြစ်တဲ့ ဥပဒေပြုမှုက အဲဒီလောက်ပြင်းပြင်းထန်ထန် အကျိုးသက်ရောက်ကြောင်း ဖော်ပြထားတယ်။ ဒါမှမဟုတ် ဓနရှင်လူတန်းစားရဲ့ သမိုင်းအကြောင်း အခန်းထဲမှာ (အခန်း ၂၄)[၇] ရော၊ နောက်ပြီး တကယ်လို့သာ နိုင်ငံရေးအာဏာဟာ စီးပွားရေးအရ ဘာမှမထိရောက်ဘူးဆိုရင် ကျွန်တော်တို့တတွေ ဘာကြောင့်မို့ ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေးအာဏာရှင်စနစ်အတွက် တိုက်ပွဲဝင်နေကြမှာလဲ။ အင်အား (ဆိုလိုတာ နိုင်ငံရေးအာဏာ) ဟာလည်း စီးပွားရေး အင်အား တရပ်ပါပဲကလား။

ဒါပေမဲ့ ခုအခါ အဲဒီစာအုပ် (ပေါလ်ဘာ့သ် **(Paul Barth)** ရေး ဟီဂယ်၏ သမိုင်းဆိုင်ရာအဘိဓမ္မာနှင့် မာ့က်စ်နှင့် ဟတ်မန်း **(Hart Mann)** သို့ တိုင်သော ဟီဂယ်ဝါဒီများ စာအုပ်) ကို ဝေဖန်နေဖို့ ကျွန်တော်မှာ အချိန်မရှိပါဘူး။ အတွဲ ၃ (အရင်းကျမ်း အတွဲ (၃) ကို ဆိုလိုသည်။) ကို အရင်ဆုံးထုတ်ဝေရဦးမယ်။ နောက်ပြီး ဒီစာအုပ်ကို ဥပမာ– ဘန်းစတိန်းက ကောင်းကောင်းကိုင်တွယ်နိုင်လိမ့်မယ် ထင်ပါတယ်။

ဒီပုဂ္ဂိုလ်များ ချို့တဲ့နေတာကတော့ အနုပဋိလောမတရားပါပဲ။ သူတို့ဟာ အမြဲပဲ ဒီနားမှာ အကြောင်းရင်း၊ ဟိုနားမှာ အကျိုးသက်ရောက်မှုရယ်လို့ ကြည့်မြင်ကြတယ်။ ဒါဟာ အခွံသက်သက်သာဖြစ်တဲ့ အနှစ်ချုပ်တရပ် **(abstraction)** သာ ဖြစ်ကြောင်း၊ အဲဒီလို တက္ကဗေဒကျတဲ့ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းတွေဆိုတာ တကယ့်လောကထဲမှာကျရင် အကျပ်အတည်းကပ်တွေမှာသာရှိကြောင်း ဒီကျယ်ပြန့်တဲ့ ဖြစ်စဉ်ကြီးတခုလုံးဟာ အပြန်အလှန် သက်ရောက်မှုဆိုတဲ့ သဏ္ဌာန်နဲ့ ဖြစ်ပျက်တာဖြစ်ကြောင်း အင်မတန်မှကို အားချင်းမမျှတဲ့ အင်အားတွေကို နှိုင်းယှဉ်ရတာ ဖြစ်ပေမယ့် စီးပွားရေးလှုပ်ရှားမှုဟာ အခုအထိအင်အားအကြီးဆုံး၊ အခြေခံကျတဲ့ အဆုံးအဖြတ်ပေးနိုင်ဆုံး အရာဖြစ်ပြီး အရာရာဟာ နှိုင်းယှဉ်ချက်သာ ဖြစ်တယ်။ ဘယ်ဟာမှ အကြွင်းမဲ့ မဟုတ်ဘူး ဆိုတာတွေကို သူတို့ မဆုပ်ကိုင်နိုင်ကြဘူး။ သူတို့အဖို့ ဟီဂယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။ ...

## နောက်ဆက်တွဲ ရှင်းလင်းချက်

၁။ ကောနရက်စမစ် (Conrad Schmidt) (၁၈၆၃– ၁၉၃၂) ဂျာမန် ဘောဂဗေဒသမားနှင့် အဘိဓမ္မာဆရာ။ သူ့ဘဝအစပိုင်းတွင် မာ့က်စ်၏ ဘောဂဗေဒတရားများကို လက်ခံခဲ့ပြီး နောက်တော့ မာ့က်စ်ဝါဒကို ဆန့်ကျင်သော ခနရှင်များနှင့် ပေါင်းသွားသည်။ ပြန်လည်ပြင်ဆင်ရေးဝါဒ၏ သဘောတရား ရေသောက်မြစ် ဖြစ်ခဲ့သော ကျမ်းများ ရေးခဲ့သည်။

၂။ ၁၈၉၀ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကောနရက်စမစ်က သူ့အား **__ဇူးရစ်ပို့စ်__** သတင်းစာက ဘဏ္ဍာရေးအခန်းအတွက် အယ်ဒီတာ အလုပ်ပေးခဲ့ကြောင်း အိန်ဂယ်ထံ အသိပေးခဲ့သည်။ သူသည် ထိုအလုပ်ကို လက်ခံခဲ့သည်။ တခဏမျှသာဖြစ်သည်။ ဘဏ္ဍာရေးကဏ္ဍကိုလည်း မဟုတ်၊ ပြင်ပနိုင်ငံများ၏ နိုင်ငံရေးသတင်း ဆိုင်ရာကိုသာ ဖြစ်သည်။ ၁၈၉၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် စမစ်က သူ့ဒီအလုပ်က နုတ်ထွက်လိုက်ပြီ ဖြစ်ကြောင်း အိန်ဂယ်ထံ စာလှမ်းရေးခဲ့သည်။

ဇူးရစ်ပို့စ် (Zuiriches Post) မှာ ၁၈၇၉ နှင့် ၁၉၃၆ ခုနှစ်များအတွင်း ဆွစ်ဇလန်ဒီမိုကရက်များ ထုတ်ဝေခဲ့သော နေ့စဉ်သတင်းစာ ဖြစ်သည်။

၃။ ၁၈၄၂ နှင့် ၁၈၄၄ ခုနှစ်များအတွင်းက အာမင် (Ermen) နှင့် အိန်ဂယ်တို့၏ မန်ချက်စတာ ပွဲရုံကြီးကပိုင်သည့် ချည်စက်တွင် စာရေးအဖြစ် လုပ်ခဲ့ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

၄။ ဒီနေရာမှာ အိန်ဂယ်ရေးတဲ့ **နပိုလီယံကိုဒဉပဒေ** ဆိုသည်မှာ ကျယ်ပြန့်သော အဓိပ္ပာယ်အရ ၁၈၀၄– ၁၀ ခုနှစ်ဆီက ပြဋ္ဌာန်းခဲ့သည့် တရားဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ကူးသန်းရောင်းဝယ်ရေးဥပဒေ၊ ရာဇဝတ်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ တို့ကို ဆိုလိုသည်။ အကျဉ်းသဘောပြောလျှင် **နပိုလီယံကိုဒဉပဒေ** ဆိုသည်မှာ ၁၈၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တရားမဉပဒေ ဖြစ်သည်။ ယင်းကို အိန်ဂယ်လ်က “ခနရှင် လူ့အဖွဲ့အစည်း အတွင်း … … စံတော်ဝင် တရားဥပဒေတရပ်” ဟု ဆိုခဲ့သည်။ (လုဒ်ဝစ်ဖြူးဝါးဘတ်နှင့် စံတော်ဝင် ဂျာမန်အဘိဓမ္မာ၏ အဆုံးသတ်)

၅။ ဤသည်မှာ စတူးဝပ် (Stuart) ထီးနန်းကို ဖြုတ်ချပြီး အောရင့်ချ်မှ ဝီလျံ

(Willian of Orange) ခေါင်းဆောင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထီးနန်း (၁၆၈၉ ခုနှစ်မှ စသည်) ကို တည်ထောင်ခဲ့သည့် အင်္ဂလန်နိုင်ငံမှ ၁၆၈၈ ခုနှစ် အာဏာသိမ်းမှုကို ရည်ညွှန်းသည် ယင်းသည် မြေပဟာပိုင်ဆိုင်သည့် လူကုံထံများနှင့် ဓနရှင်ကြီးတို့အကြား စေ့စပ်ထားခြင်း ဖြစ်သည်။

၆။ ဘုရားသခင်အား လူသားမဟုတ်သော ကျိုးကြောင်းဆီလျော်သည့် အခြေခံအကြောင်းရင်းအဖြစ် သဘောထားသော ဘာသာရေး အဘိဓမ္မာတခု ဖြစ်သည်။ သူတို့က ဘုရားသခင်အနေဖြင့် သဘာဝနှင့် လူမှုနိယာမတရားများတွင် ဝင်ရောက်စွက်ဖက်ခြင်း မရှိဟုဆိုသည်။ ပဒေသရာဇ် ဘုန်းတော်ကြီးများ၏အမြင်က လွှမ်းမိုးနေချိန်တွင် ၎င်းတို့သည် အလယ်ခေတ်ဘာသာရေး စဉ်းစားတွေးခေါ်မှုအား ဝေဖန်ခြင်းဖြင့် သာသနာ၏ ကပ်ပါးလက္ခဏာနှင့် ဟန်ဆောင်မှုတို့ကို ဖွင့်ချခဲ့သည်။

၇။ မာ့က်စ်ရေး အရင်းကျမ်း အတွဲ (၁) ထဲတွင် ပါသော "အလုပ်ရက်" နှင့် "ရှေ့ဦးစု ဆောင်းမှု ဆိုသောအရာ" ဟူသည့် အခန်းများကို ကြည့်ပါ။

**(တရုတ်ပြည် ပီကင်း ပြည်သူ့စာပေထုတ်ဝေရေးတိုက်မှ ၁၉၇၃ ခုနှစ် စက်တင် ဘာလတွင် တရုတ်ဘာသာဖြင့် ထုတ်ဝေခဲ့သော မာ့က်စ်– အိန်ဂယ် လက်ရွေးစင် ပေးစာများ (အင်္ဂလိပ် ဘာသာပြန်) ထဲမှဖြစ်သည်။**

**အိန္ဒိယမှ ဒုတိယ ကျွန်တော် ၂ ထံပေးစာ**
**လန်ဒန်၊ ဇန်နဝါရီ ၂၅၊ ၁၈၉၄ ခုနှစ်**

လူကြီးမင်းခင်ဗျား

လူကြီးမင်းရဲ့ မေးခွန်းများအတွက် အဖြေများ အခုရေးပေးလိုက်ပါတယ်။

၁။ လူ့အဖွဲ့အစည်းသမိုင်းကို အဆုံးအဖြတ်ပေးတဲ့ အခြေခံအကြောင်းကို ကျွန်တော် တို့ယူဆတဲ့ စီးပွားရေးဆက်ဆံမှုများလို့ ဆိုရာမှာ လူ့အဖွဲ့အစည်း တခု အတွင်းမှာ လူထုဟာ အသက်ရှင်ရပ်တည်မှုအတွက် ပစ္စည်းများကို ဘယ်လိုထုတ်လုပ် တယ်၊ ဘယ်လိုဖလှယ်တယ် (လုပ်အားခွဲဝေမှုရှိနေသမျှ) ဆိုတာတွေကို ဆိုလိုပါတယ်။ ဒါကြောင့်မို့ ဒီအထဲမှာ ထုတ်လုပ်မှုနဲ့ သယ်ယူပို့ဆောင်မှု **နည်းစနစ်တခုလုံး** ပါဝင်ပါတယ်။ ကျွန်တော်တို့ရဲ့ အမြင်အရဆိုရင် ဒီနည်းစနစ်ဟာ ဖလှယ်မှုနည်းနာကိုပဲ အဆုံးအဖြတ် ပေးတယ်။ ဒ့ါအပြင် ထွက်ကုန်ပစ္စည်းများဖြန့်ဖြူးမှု၊ ဒါကြောင့်မို့ မျိုးရိုးစု (Gentile) လူ့ အဖွဲ့အစည်း ဖျက်သိမ်းပြီးတဲ့နောက်ပိုင်းကို အဆုံးအဖြတ်ပေးတယ်။ နောက်ပြီး လူ တန်းစားများ ကွဲပြားသွားမှု၊ အဲဒီရဲ့အဆက်ဖြစ်တဲ့ သခင်အဆင့်နဲ့ ကျိုးနွံသူအဖြစ် နောက်ဆက်လာတဲ့ နိုင်ငံတော်၊ နိုင်ငံရေး၊ ဥပဒေ စတာတွေကို အဆုံးအဖြတ်ပေးပါတယ်။ စီးပွားရေးဆက်ဆံမှုဆိုတဲ့အထဲမှာ ဒီဆက်ဆံမှုတွေဖြစ်ပေါ်တဲ့ **ပထဝီအခြေခံ**လည်း ပါဝင်တယ်။ နောက်ပြီး မကြာခဏဆိုသလိုပဲ အစဉ်အလာအရ ဒါမှမဟုတ် မလှုပ်ရှား၊ မပြောင်းလဲမှုတို့ကြောင့်သာ လက်လွှဲခဲ့ ဆက်လက်တည်ရှိခဲ့တဲ့ စီးပွားရေးဖြစ်ပေါ် တိုးပွားမှုရဲ့ ဒီအရင်အဆင့်တွေရဲ့ အကြွင်းအကျန်များလည်း အကျုံးဝင်ပါတယ်။ ဒ့ါအပြင်

အမှန်ပဲ ဒီလူ့အဖွဲ့အစည်း သဏ္ဍာန်ရဲ့ ပတ်ပတ်လည်မှာရှိတဲ့အပြင် အသိုင်းအဝိုင်းလည်း ပါပါတယ်။

တကယ်လို့ ခင်ဗျားပြောသလိုသာ နည်းစနစ်ဟာ သိပ္ပံပညာရဲ့အခြေအနေပေါ် မူတည်တယ်ဆိုရင် သိပ္ပံပညာဟာ **နိုင်ငံတော်**နဲ့ နည်းစနစ်ရဲ့ **လိုအပ်ချက်**တွေအပေါ် ပိုလို့တောင် မူတည်ပါသေးတယ်။ လူ့အဖွဲ့အစည်းမှာ နည်းစနစ်အရ လိုအပ်မှုတခုရှိပြီဆိုရင် ဒါဟာ တက္ကသိုလ် ၁၀ ခုထက်တောင် ပိုပြီး ရှေ့ကိုတက်လှမ်းစေပါတယ်။ ၁၆ ရာစုနဲ့ ၁၇ ရာစုနှစ်များအတွင်း အီတလီနိုင်ငံတွင်းမှာ ချောင်းတွေကိုထိန်းချုပ်ဖို့ လိုအပ်မှုကြောင့် တည်ငြိမ်ရေအားပညာ (Hydrostatics) တရပ်လုံး (Torricell) စသူတို့ ပေါ်ပေါက်လာတာပါ။ လျှပ်စစ်ဓာတ်အားကို နည်းစနစ်တကျ အသုံးချပုံကိုတွေ့ရှိပြီးမှသာ ဒါနဲ့ပတ်သက်လို့ ခြေခြေမြစ်မြစ် သိသာလာတာပါ။ ဒါပေမဲ့ ကံဆိုးချင်တော့ ဂျာမဏီနိုင်ငံမှာ သိပ္ပံပညာရဲ့သမိုင်းကို မိုးပေါ်ကကျလာတဲ့အလား ရေးနေကြတာဟာ ထုံးစံဖြစ်နေပါတယ်။

၂။ ကျွန်တော်တို့အနေနဲ့ စီးပွားရေးအခြေအနေတွေဟာ သမိုင်းဖြစ်ပေါ်တိုးပွားမှုကို နောက်ဆုံးမှာ အဆုံးအဖြတ်ပေးတဲ့အရာလို့ သဘောထားပါတယ်။ ဒါပေမဲ့ လူမျိုး (Race) ဆို တာ ကိုယ်တိုင်က စီးပွားရေးဆိုတဲ့ ဘောင်ထဲကဖြစ်ပါတယ်။ ဒီလိုဆိုလို့ အချက်နှစ်ချက်ကိုတော့ ကျော်သွားလို့ မဖြစ်ဘူး။

(က) နိုင်ငံရေး၊ တရားဥပဒေ၊ အဘိဓမ္မာ၊ ဘာသာရေး၊ စာပေ၊ အနုပညာစတာတွေရဲ့ ဖြစ်ပေါ်တိုးပွားမှုဟာ စီးပွားရေး ဖြစ်ပေါ်တိုးပွားမှုအပေါ် အခြေပြုပါတယ်။ ဒါပေမဲ့ ဒါတွေ အား လုံးဟာ တခုအပေါ်တခုရော၊ စီးပွားရေးအခြေခံအပေါ်ရော ပြန်လည်ဂယက်ရိုက်ကြ ပါတယ်။ တဦးတယောက်အနေနဲ့ စီးပွားရေးအနေအထားဟာ **အကြောင်းရင်း** နဲ့ **တခုတည်းသောတက်ကြွ**တဲ့ အရာဖြစ်ပြီး ကျန်တာတွေအားလုံးဟာ မတက်ကြွတဲ့အရာတွေလို့ ထင်ကောင်း ထင်ပါလိမ့်မယ်။ ဒါနဲ့ ပြောင်းပြန်ပဲ **နောက်ဆုံးကျရင်** သူ့ဟာနဲ့သူဖော်ပြလာတဲ့ အပြန်အလှန် အကျိုးသက်ရောက်မှုဟာ စီးပွားရေးလိုအပ်မှုရဲ့ အခြေခံပေါ်မှာ ဖြစ်ပေါ်တာပါ။ ဥပမာ နိုင်ငံတော်ဆိုလို့ရှိရင် ကိုယ်ကျိုး စီးပွားကာကွယ်မှု၊ အခွန်အကောက်တို့၊ လွတ်လပ်စွာ ကုန်သွယ်မှုတို့၊ ကောင်းတဲ့ငွေကြေးစနစ်၊ ဆိုးတဲ့ငွေကြေးစနစ် ဆိုတာတို့နဲ့ သူ့ရဲ့အစွမ်းကို အသုံးပြုပါတယ်။ ၁၆၈၄ ခုနှစ်နဲ့ ၁၈၃၀ ခုနှစ်အကြား အင်မတန်ဆိုးဝါးလှတဲ့ ဂျာမဏီနိုင်ငံ စီးပွားရေး အခြေအနေက ပေါ်ပေါက်လာတဲ့ ဂျာမန်နလပိန်းတုံးတွေရဲ့ ကမ်းကုန်အောင်ချည့်နဲ့မှုနဲ့ ကိုယ်စွမ်းကိုယ်စတုံးမှု၊ ပထမတော့ ဒါကို ကိုင်းရှိုင်းမှုဝါဒ [ကိုင်းရှိုင်းမှုဝါဒ Pietison ဂျာမဏီနိုင်ငံမှာ ပရိုတက်စတင့်ဘာသာကို ဖော်ထုတ်သူ မာတင်လူသာရဲ့ မူတွေကို လိုက်နာကြတဲ့ ဘာသာရေးဂိုဏ်းတဂိုဏ်း ဖြစ်ပါတယ် (ဘာသာပြန်သူ)]နဲ့ ဖော်ပြပြီး နောက်မှာ မင်းညီမင်းသားနဲ့

မှုုးမျိုးမတ်နွယ်တို့ကို တွယ်တာမှု၊ ရိုကျိုးဆည်းကပ်မှုနဲ့ ဖော်ပြခဲ့တယ်။ ဒါတောင်မှပဲ စီးပွား ရေးအကျိုးသက်ရောက်မှု မရှိတာမဟုတ်ပါဘူး။ ဒီအခြေအနေဟာ ပြန်လည်အလံထူဖို့ အတွက် အကြီးမားဆုံး အခက်အခဲကြီး ဖြစ်နေခဲ့လိုက်တာ တော်လှန်တဲ့စစ်ပွဲများနဲ့ နပိုလီယံစစ်ပွဲများကနေ ဒီမွဲပြာကျမှုကြီးကို အဆိုးဝါးဆုံးအခြေအနေသို့ ရောက်စေလိုက်တဲ့ အထိပါပဲ။ ဒါပေမဲ့ စီးပွားရေးအခြေအနေဆိုတာဟာ လူတွေလွယ်လင့်တကူ တွေးဆကြသလို အလိုအလျောက် အကျိုးသက်ရောက်တာမျိုး မဟုတ်ပါဘူး။ လူတွေဟာ ကိုယ့်သမိုင်းကိုယ် ဖန်တီးကြတာပါ။ ဒါပေမဲ့ သူတို့ဟာ သူတို့အတွက် အချက်အလက်ဖြစ်စေတဲ့ တခုသော ပတ်ဝန်းကျင်အတွင်း နောက်ပြီး တကယ်တည်ရှိနေပြီးဖြစ်တဲ့ ဆက်ဆံမှုများရဲ့ အခြေခံပေါ်မှာ သမိုင်းကိုဖန်တီးတာ ဖြစ်ပါတယ်။ အဲဒီဆက်ဆံမှုတွေထဲမှာ စီးပွားရေး ဆက်ဆံမှုတွေဟာ အခြားသောနိုင်ငံရေးနဲ့ အတွေးအခေါ်ဆက်ဆံမှုတွေရဲ့ ဂယက်ရိုက်ခတ်ခြင်း ဘယ်လောက်ပဲခံရခံရ အဆုံးမှာသူတို့ဟာ အဆုံးအဖြတ်ပေးတဲ့အရာတွေ ဖြစ်မြဲဖြစ်နေတယ်။ လူတွေကိုနားလည်စေနိုင်တဲ့ တခုတည်းသော အညွှန်းဖြစ်မြဲဖြစ်နေပါ တယ်။

(ခ) လူတွေဟာ ကိုယ့်သမိုင်းကို ဖန်တီးကြတယ်။ ဒါပေမဲ့ စုပေါင်းစီမံကိန်း တရပ် နဲ့အညီ စုပေါင်းဆန္ဒတရပ် မဟုတ်ဘူး။ ဒါမှမဟုတ် ရှင်းရှင်းလင်းလင်း သတ်မှတ်ပြထားတဲ့ လူ့အဖွဲ့အစည်းတခုထဲမှာတောင် မဟုတ်ပါဘူး။ သူတို့ရဲ့စိတ်ဆန္ဒတွေဟာ တခုနဲ့တခု ခိုက်မိကြတယ်။ ဒါကြောင့်မို့ပဲ အဲဒီလိုလူ့အဖွဲ့အစည်း အားလုံးဟာ **<u>လိုအပ်မှု အကျိုးဆက်တရား</u>** (necessity) နဲ့ အညီဖြစ်ပြီး ဒီအတွက် ဖြည့်စွက်ချက်နဲ့ ဖော်ပြချက်တွေဟာ **<u>မတော် တဆဖြစ်မှုတရား</u>** (accident) ဖြစ်ပါတယ်။ ဒီမှာ မတော်တဆဖြစ်မှုတွေ အားလုံးအတွင်း ဖော်ပြလာခဲ့တဲ့ လိုအပ်မှုအကျိုးဆက်တရားဟာ အဆုံးမှာ စီးပွားရေး အရ လိုအပ်မှုအကျိုး ဆက်တရားပဲ ဖြစ်နေပြန်ပါတယ်။ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးများ ဆိုတာနဲ့ပတ်သက်လို့လည်း ဒီဆက်စပ်မှုအရပဲ ချဉ်းကပ်ရပါတယ်။ တခုသောအချိန် တခုသောတိုင်းပြည်မှာ တယောက်သောပုဂ္ဂိုလ် တိကျအောင်ပြောရရင် အဲဒီပုဂ္ဂိုလ် ပေါ်ပေါက်တယ်ဆိုတာဟာအမှန်ပဲ တိုက်ဆိုင်မှု (chance) သက်သက်ပါ။ ဒါပေမဲ့ ဒီလူ မရှိဘူးဆိုရင် သူ့ကိုအစားထိုးဖို့ တောင်းဆိုမှုဟာ ရှိနေတယ်။ ဒီအစားထိုးစရာလူကို တွေ့မှာပဲ။ ကောင်းကောင်းဆိုးဆိုး ကြာလာတော့ တွေ့မှာပဲ။ စစ်ပမ်းကျနေတဲ့ ပြင်သစ်သမ္မတနိုင်ငံအဖို့ ဒီနပိုလီယံ တိတိကျကျကိုပဲ ဒီကော်စီကာ နယ်သားသာပဲ လိုအပ်နေတဲ့ စစ်အာဏာရှင် ဖြစ်လာရတယ်ဆိုတာဟာ တိုက်ဆိုင်မှုပါ။ ဒါပေမဲ့ နပိုလီယံတယောက် မရှိဘူးဆိုရင် နောက်တယာက်က သူ့နေရာကိုဖြည့်မှာပဲဆိုတာ လိုအပ် လာရင် လူတယောက်ယောက်ကိုတော့ တွေ့တာပဲဆိုတဲ့အချက်က သက်သေပြနေပါတယ်။ ဥပမာ ဆီဇာ၊ ဩဂတ်စ်တပ်စ်၊ ခရွမ်းဝဲလ် စသူတို့ပေါ့။ သမိုင်းဆိုင်ရာ ရုပ်ဝါဒတရားကို

မာ့က်စ်က တွေ့ရှိတဲ့အခါမှာ တီယာီရီ (Thierry)၊ မစ်နေး (Mignel)၊ ဂီဇိုး (Guizot) နဲ့ (၁၈၅၀ ခုနှစ် အထိဖြစ်တဲ့) အင်္ဂလိပ်သမိုင်းပညာရှင်တွေဟာ ဒီအတွက် လုံးပန်းနေကြကြောင်း သာဓကပဲ ဖြစ်ပါတယ်။ နောက်ပြီး ဒီတရားကိုပဲ မော်ဂင် (Morgan) က တွေ့ရှိတာဟာဆိုရင် အချိန်ရင့်မှည့်နေပြီး တွေ့ကိုတွေ့ရမယ်ဆိုတာကို ပြသနေတာပါပဲ။

သမိုင်းနဲ့ တခြားသောဖြစ်နိုင်ခြေတွေ နောက်ပြီး ဖြစ်နိုင်ခြေလို့ ထင်ရတာတွေအကုန်လုံးလည်း ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ လေ့လာနေတဲ့ နယ်ပယ်တခုဟာ စီးပွားရေးနယ် နဲ့ခွာပြီး အနှစ်ချုပ်သဘောတရား နယ်ပယ်သက်သက်ဆီသို့ ပိုပြီး ရောက်သွားလေလေ သူရဲ့ ဖြစ်ပေါ်တိုးပွားမှုမှာ မတော်တဆဖြစ်မှုတွေ ပိုပြီးဖော်ပြလာလေလေ သူ့ရဲ့မျဉ်းကွေး လမ်းကြောင်းဟာလည်း အကွေ့အကောက်တွေ ပိုများလာလေလေ ဆိုတာ တွေ့ရမှာပဲ။ ဒါပေမဲ့ ဒီမျဉ်းကွေးအတွက် ပျမ်းမျှဝင်ရိုးတန်းတခု ရေးဆွဲလိုက်ရင် လေ့လာတဲ့ ကာလကြာမြင့်လေလေ နယ်ပယ်ကျယ်ပြန့်လေလေ ဒီဝင်ရိုးတန်းဟာ စီးပွားရေး ဖြစ်ပေါ်တိုးပွားမှု ဝင်ရိုးတန်းနဲ့ ပိုမိုမျဉ်းပြိုင်ကျလေလေဆိုတာ တွေ့ရပါလိမ့်မယ်။

ဂျာမဏီနိုင်ငံမှာတော့ မှန်မှန်ကန်ကန် နားလည်ရေးအတွက် အကြီးမားဆုံး အတား အဆီးဟာ ဘောဂဗေဒသမိုင်းဆိုင်ရာ စာပေတွေရဲ့ တာဝန်မဲ့ဥပက္ခာပြုမှုကြောင့် ဖြစ်ပါတယ်။ လူတယောက်အဖို့ ကျောင်းတုန်းက ခေါင်းထဲရိုက်သွင်းခံခဲ့ရတဲ့ အမှတ်သညာတွေကို ဖယ်ရှားပစ်ဖို့တင်ခက်တာ မဟုတ်ပါဘူး။ ဒီလိုလုပ်ဖို့အတွက် လိုအပ်တဲ့ အချက် အလက်တွေ ရယူဖို့ ပိုလို့တောင် ခက်ပါသေးတယ်။ ဘာပဲပြောပြော နိုင်ငံရေး အချက်အလက် အမြောက်အမြားကို ရှင်းပေးနိုင်တဲ့ဟာတွေ အများကြီးပါတဲ့ ဂျီတွန်ဂူးလစ်ကြီးရဲ့ ပျင်းရိဖွယ်ရာ အချက်အလက်တွေ (G- Gulish ရေး <u>ကျွန်ုပ်တို့ခေတ် အရေးအပါဆုံး ကူးသန်းရောင်းဝယ်ရေး နိုင်ငံများ၏ ကုန်သွယ်ရေး စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း သမိုင်းအခြေအနေ</u>) ကိုတောင်မှ ဘယ်သူများဖတ်ဖူးလို့တုံး။ ဒီကိစ္စတွေ တော်တော် များများနဲ့ ပတ်သက်လို့ ကျွန်တော့အနေနဲ့ ဒူးရင်းဆန့်ကျင်ရေးကျမ်း ကဏ္ဍ (၁) အခန်း ၉ မှ ၁၁၊ ကဏ္ဍ (၂) အခန်း ၂ မှ ၄၊ နောက်ပြီး ကဏ္ဍ (၃) ဒါမှမဟုတ် နိဒါန်းအခန်း နောက်ပြီး ဖြူးဝါဘတ်စာအုပ် နောက်ဆုံးအခန်းမှာရော ရေးပြီးပြီလို့ ထင်မိတာပဲ။

အထက်မှာ ရေးထားတာတွေကို စကားလုံးတလုံးချင်း သိပ်ပြီး အသေးစိတ်တွက်၊ ချိန် ဆမနေစေချင်ပါ။ ယေဘုယျဆက်စပ်မှုကိုသာ ခေါင်းထဲမှာထားပါ။ ခင်ဗျားဆီကို ရေးတဲ့အခါ စာအုပ်ထုတ်ဝေဖို့အတွက် ရေးတာမျိုး စကားလုံး မရွေးချယ်နိုင်တာကိုတော့ တောင်းပန်ပါတယ်။ ။

## ရှင်းလင်းချက်

၁။ ဤစာကို ဦးစွာအားဖြင့် ၁၈၉၅ ခုနှစ်ထုတ် **ဆိုရှယ်လစ်သုတေသန** ဂျာနယ် အမှတ် ၂၀ ထဲမှာ ဘယ်သူထံ ပေးတယ်ရယ်လို့ မပါရှိဘဲ ဖော်ပြခဲ့သည်။ သို့ဖြင့် ဂျာနယ်သို့ ပေးပို့သူ အိတ်ချ်–စတာကင်ဘာ့ဂ်၏ Starkenbug ထံပေးစာဟူ၍ သည့်အရင်မှုများတွင် မှားယွင်းစွာ ဖော်ပြခဲ့ဖူးသည်။

ဒဗလျူ ဘောဂီးယာစ် W- Borgius မှာ ပိုလန်နိုင်ငံ ဗရိုကလော (Wroclaw) မြို့မှ ဂျာမန်ကျောင်းသားတဦး ဖြစ်သည်။ ။